အသင်တို့သည် အာယသ်တော်တစ်ခုမျှပင်ဖြစ်စေ

ငါကိုယ်တော်ထံမှ ကြားသိခဲ့ရသည်တို့ကို ပို့ချကြပါ။အစ္စရာအီလ်မျိုးနွယ်ထံမှ ကြားသိရသည်တို့ကိုလည်း

ဆင့်ပြန်ပြောကြလေကုန် (ထိုသို့ပြောကြားခြင်းသည်)

အပြစ်တစ်စုံတစ်ရာမရှိပေ။ ထို့ပြင် အကြင်သူသည်

ငါကိုယ်တော့်အပေါ်

သိလျက်နှင့်တမင်လိမ်လည်ပြောဆိုခဲ့လျှင် သူသည်

မိမိနေထိုင်ရမည့်နေရာအား ငရဲမီးတွင် သတ်မှတ်လိုက်ပါ။

အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ အသင်တို့သည်
အာယသ်တော်တစ်ခုမျှပင်ဖြစ်စေ ငါကိုယ်တော်ထံမှ ကြားသိခဲ့ရသည်တို့ကို ပို့ချကြပါ။
အစ္စရာအီလ်မျိုးနွယ်ထံမှ ကြားသိရသည်တို့ကိုလည်း ဆင့်ပြန်ပြောကြလေကုန် (ထိုသို့ပြောကြားခြင်းသည်) အပြစ်တစ်စုံတစ်ရာမရှိပေ။ ထို့ပြင် အကြင်သူသည်
ငါကိုယ်တော့်အပေါ် သိလျက်နှင့်တမင်လိမ်လည်ပြောဆိုခဲ့လျှင် သူသည်
မိမိနေထိုင်ရမည့်နေရာအား ငရဲမီးတွင် သတ်မှတ်လိုက်ပါ။
[صحيح] [رواه البخاري]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိထံမှသိခဲ့ရသောကုန်အာန်ကျမ်းမြတ်နှင့် ဟဒီးဆ်တော်များကို ပြန်လည်ပို့ချရန်မိန့်ကြားတော်မူခဲ့သည်။ ထိုသို့ ပြန်လည်ပို့ချမည့်အရာသည် ကုရ်အာန်တစ်အာယသ်မျှလောက်သို့မဟုတ် ဟဒီးဆ်တော် တစ်ပုဒ်မျှလောက် အနည်းငယ်ပင်ဖြစ်စေ ပို့ချသူသည် ၎င်းအားခိုင်မာတိကျစွာ သိနားလည်ရမည်ဟူသည့် စည်းကမ်းချက်နှင့်အညီ ပို့ချရမည်ဖြစ်သည်။ထို့နောက် ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်ုပ်တို့၏ရှရီအသ်တရားတော်နှင့် မဆန့်ကျင်သည့် ဗနီအစ္စရာအီလ်တို့တွင် ဖြစ်ခဲ့သော မှန်ကန်သည့်ဖြစ်ရပ်များကို တဆင့်ပြန်ပြောကြားခွင့်ရှိကြောင်း ပြောကြားတော်မူခဲ့သည်။ ထို့နောက်ကိုယ်တော်က မိမိနှင့်ပတ်သက်၍ လိမ်လည်ပြောဆိုခြင်းအား သတိပေးတားမြစ်တော်မူခဲ့သည်။မည်သူမဆို ကိုယ်တော်မြတ်နှင့်ပတ်သက်၍ သိလျက်နှင့် တမင်လိမ်လည်ပြောဆိုခဲ့လျှင်၎င်းသည်မိမိနေထိုင်ရာနေရာဌာနအားငရဲမီးတွင်သတ်မှတ်လိုက်ရမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/3686